# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 1, 2020 — Volume 33, Number 1


**၁.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၇/- ကျပ် |
| CBM Rate | = ၁၃၆၆.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၀.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၉၂.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၄.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၈.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွား/ကူးသန်းဝန်ကြီးက ပြည်ပနိုင်ငံများရှိ မြန်မာ့စီးပွားရေး သံမှူးများနှင့်တွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက ဝန်ကြီးဌာန၊အစည်းအဝေးခန်းမ၌ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသော မြန်မာ့စီးပွားရေးသံမှူးများက တင်ပြလာသည့် ကုန်သွယ်မှုမြှင့်တင်ရေး (၃)နှစ် စီမံချက်များကို လမ်းညွှန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

တရုတ်(ပေကျင်း)၊ တရုတ်(နန်နင်း)၊ တရုတ်(ဟောင်ကောင်)၊ ဂျပန်၊ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စုနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ မြန်မာ့စီးပွားရေးသံမှူးများနှင့် Zoom Application ဖြင့် ဆွေးနွေးခြင်းဖြစ်သည်။ "COVID-19 ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများမှာလို မိမိတို့နိုင်ငံမှာလည်း ထိခိုက်မှုများစွာရှိရာမှာ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုကြီးမားတာတွေ့ရတယ်။ စီးပွားရေးသံမှူးတွေက COVID-19 ကာလနှင့် COVID-19 အလွန်မှာအခြားနိုင်ငံတွေရဲ့ စီးပွားရေးပြန်လည် နလန်ထူရေးဆောင်ရွက်ချက်တွေနဲ့ ဈေးကွက်အခြေအနေကို စဉ်ဆက်မပြတ်လေ့လာပြီး အစီရင်ခံစာတင်ပြသွားဖို့ပါ"ဟု ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံအလိုက်စီးပွားရေးသံမှူးများက ၎င်းတို့တင်ပြသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး (၃)နှစ် စီမံချက်အပေါ် ဆောင်ရွက်သွားမည့်အစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက် များကို ရှင်းလင်းတင်ပြကြသည်။ "စီးပွားရေးလုပ်ငန်းရှင်များနဲ့ အဖွဲ့အစည်းများက ဆက်သွယ်မေးမြန်းလာရင် မြန်မာနိုင်ငံရဲ့ အခြေအနေတွေကို ဖြေကြားနိုင်ဖို့ မူဝါဒတွေ၊ ဝန်ကြီးဌာနများရဲ့လုပ်ငန်းစဉ်၊ ဆောင်ရွက်ချက်တွေ လေ့လာထားဖို့လိုတယ်။ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမှာ မိမိတို့စွမ်းဆောင်နိုင်မှုအခြေအနေကို အမြဲဆန်းစစ်ပြီး ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရမှာပါ"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးကမှာကြားသည်။

စီးပွားရေးသံမှူးများကို နိုင်ငံကိုယ်စားပြုစေလွှတ်ထားခြင်းဖြစ်၍ ၎င်းတို့အဓိကတာဝန်မှာ မိမိနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်နိုင်ငံတော်အစိုးရ ဦးဆောင်မှု၊ပြည်သူလူထုပူးပေါင်း

ပါဝင်မှုဖြင့် တက်ညီလက်ညီဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးအခြေခံ၍ ပြည်တွင်း ဝယ်လိုအား တိုးတက်ရေးနှင့် ထုတ်လုပ်မှုလုံလောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/140864.html

## MSMEs လုပ်ငန်းများအတွက် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်သော Global Trade Helpdesk ကို အသုံးပြုနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်

MSMEs လုပ်ငန်းများအတွက် ဈေးကွက်သစ်အခွင့်အလမ်းများနှင့် ကုန်သွယ်မှုအချက်အလက်များရရှိခြင်းတို့တွင် အထောက်အကူဖြစ်စေရန် Digital Tool တစ်ခုဖြစ်သည့် Global Trade Helpdesk ကို အဆင့်မြင့်တင်သည့်ကိစ္စရပ်နှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၊ UNCTAD နှင့် ITC တို့ဦးဆောင်၍ ပူးတွဲ ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

Global Trade Helpdesk သည် ၂၀၁၇ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ၁၁ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် စတင်ထုတ်ပြန်ခဲ့သည့် online platform တစ်ခုဖြစ်ပြီး အဆိုပါ platform တွင် အလားလာ ရှိသည့် ဈေးကွက်များ၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သော လိုအပ်သည့်သတင်းအချက်အလက်များ၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းအင်း အချက်အလက်များ၊ အကောက်ခွန်နှုန်းထားများ၊ ကုန်တင်ပို့မှုဆိုင်ရာစိစစ်ချက်များနှင့်စည်းမျဉ်းများဆိုင်ရာလိုအပ် သည့် အချက်အလက်များကိုရရှိနိုင်ပါသည်။

MSMEs လုပ်ငန်းများအတွက် အထောက်အကူပိုမိုဖြစ်စေရန်ရည်ရွယ်၍ အဆိုပါ platform တွင် ထပ်မံအဆင့် မြင့်တင်မှုများအနေဖြင့် ကုန်တင်ပို့/တင်သွင်းမှု၊ တဆင့်ဖြတ်သန်း ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းစဉ်များ ( import, export and transit trade procedures )၊ စီးပွားရေးဆိုင်ရာ လမ်းညွှန်ချက်အသစ်များ၊ မူပိုင်ခွင့်ကာကွယ်ရေးဆိုင်ရာ ကူညီပေးသည့် အရင်းအမြစ်များ၊ MSMEs လုပ်ငန်းများ၏ ကုန်သွယ်မှုနှင့်ဈေးကွက်ရှာဖွေရာတွင် ကူညီပေးသည့်အွန်လိုင်းအရင်းအမြစ်များ၊ COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ ယာယီကုန်သွယ်မှုကန့်သတ်ချက်ဆိုင်ရာ သတင်းအချက်အလက်များလည်းရရှိနိုင်ပြီး အဆိုပါသတင်းအချက်များကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ အာရပ်ဘာသာနှင့်ရုရှားဘာသာများဖြင့် ရရှိနိုင် ပါကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ MSMEs လုပ်ငန်းများအတွက် Global Trade Helpdesk (www.globaltradehelpdesk.org) ကို အသုံးပြု၍ ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေနိုင်ရေး ဝင်ရောက်ကြည့်ရှုလေ့လာအသုံးပြုနိုင်ကြောင်း သိရပါသည်။

**Source: Myantrade –TIR**

## တောင်သူကိုယ်တိုင် ဈေးကားဖြင့်ရောင်းချမည့် ရန်ကုန်တောင်သူဈေးကားအစီအစဉ် ဇူလိုင်လတွင်စတင်မည်

တောင်သူများကိုယ်တိုင် ဈေးကားဖြင့်ရောင်းချနိုင်မည့် သစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက်ဈေးကွက်ကို ရန်ကုန် ၌ အကောင်အထည်ဖော်ခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း(MFVP) အတွင်းရေးမှူး ဦးကျော်သူကပြောသည်။ COVID-19 ရောဂါကြောင့် စားသုံးသူများ နေအိမ်မှပင်ဝယ်ယူနိုင်ရန်အပါအဝင် ကိုယ်တိုင်စိုက်ပျိုးသည့် တောင်သူများကိုယ်တိုင် အလွယ်တကူရောင်းချနိုင်သော ဈေးကွက်တစ်ခုပေါ်ထွက်လာရန် 'ရန်ကုန်တောင်သူဈေးကား'အစီအစဉ်ကို MFVP က ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီသို့ လုပ်ကိုင်ခွင့်လျှောက်ထားခဲ့ရာ ဇွန်လ ၂၉ ရက်တွင် ခွင့်ပြုမိန့်ရရှိခဲ့ခြင်းဖြစ်သည်။ "ဒီတစ်ပတ်အတွင်း အစီအစဉ်စဖို့ပြင်နေပါပြီ။ ထွက်မယ့်ကားတွေကိုလည်း သေချာပြင်ဆင်ထားပါတယ်" ဟု ဦးကျော်သူက ပြောသည်။

ဈေးကားတစ်စီးလျှင် ဆိုင်ခန်းရှစ်ခန်းမှ ၁၀ ခန်းအထိ ပါဝင်နိုင်ပြီး တောင်သူကငှားရမ်း၍ ရောင်းချမည့် ကုန်စည်ကို စိတ်ကြိုက်ဈေးဖြင့် ရောင်းချနိုင်မည်ဖြစ်သည်။ နယ်မှလာရောက်မည့် တောင်သူများသည်လည်း မိမိကုန်စည်ကို ရောင်းချစဉ် သိုလှောင်ရာနေရာလိုအပ်ပါက ရက်အကန့်အသတ်၊ နေရာအကျယ်အဝန်းအကန့်အသတ်ဖြင့် သိုလှောင်နေရာများ ငှားရမ်းသိမ်း

ဆည်းနိုင်ရန် စီစဉ်ထားကြောင်း MFVP ကဆိုသည်။ ရောင်းချမည့် အစီအစဉ်တွင်လည်း ဈေးကွက်နေရာယူထားသော ရာသီပေါ်သီးနှံများထက် ဈေးကွက်ပျောက်နေသည့်သီးနှံများကို ဦးစားပေးရောင်းချနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဟု အသိပေးသည်။ ထို့အပြင် ပုပ်သိုးလွယ်သည့် ကုန်စိမ်းတောင်သူများကိုလည်း ဦးစားပေးရောင်းချနိုင်ရန် စီစဉ်ထားကြောင်း ဦးကျော်သူကပြောသည်။

အလားတူ တောင်သူကိုယ်တိုင် တိုက်ရိုက်ရောင်းချခြင်းမဟုတ်ဘဲ MFVP သို့ ကုန်စည်အပ်နှံ၍ရောင်းချနိုင်ပြီး ကုန်စည်ဈေးနှုန်းကို ဈေးကွက်ပေါက်ဈေး၊ ကုန်စိမ်းပုပ်သိုး ပျက်စီးဆုံးရှုံးလွယ်မှုနှင့် ရောင်းအားပေါ်မူတည် သတ်မှတ်သွားမည်ဖြစ်သည်။ အွန်လိုင်းမှတစ်ဆင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်နှင့်သစ်သီးဝလံ ဝယ်ယူမှုအစီအစဉ်ကိုလည်း မကြာသေးမီကစတင်ခဲ့ပြီး ဟင်းသီးဟင်းရွက်များ၊ ပိန်းဥ၊ နာနတ်သီးနှင့် သရက်သီးမှာယူမှုများရှိသည်ဟုဆိုသည်။

တောင်သူဈေးကွက်အတွက် လက်ကားစနစ်ဖြင့် ပြည်ပသို့ တင်ပို့သည့် အခြေအနေရောက်ရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကာ ယင်းအတွက် ဘဏ်များနှင့်ချိတ်ဆက်နေကြောင်း MFVP က ကြေညာထားသည်။ "အခု အစီအစဉ်စတာ နောက်တောင်ကျနေပြီလို့ပြောလို့ရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တောင်သူတွေအတွက် ကောင်းတဲ့အစီအစဉ်တစ်ခုပါ။ နောက်ဈေးကွက်အသားကျသွားရင် တောင်သူတွေအကုန်လုံးအတွက် အသက်ရှူချောင်လာဖို့များတယ်"ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောကြားသည်။

**Source:** https://7day.news/detail?id=190758

## ပြည်ပဆန်တင်ပို့နေသည့် ကုမ္ပဏီများအတွက် အစိုးရကစည်းမျဉ်းသုံးခုဖြေလျှော့

COVID-19 ကပ်ရောဂါ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာချိန်တွင် ပြည်တွင်းဈေးနှုန်း တည်ငြိမ်ရေးနှင့်စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်ပဆန်တင်ပို့ခြင်းလုပ်ငန်းတွင် ချမှတ်ခဲ့သောစည်းမျဉ်းသုံးခုကို အစိုးရကဖြေလျှော့ပေးလိုက်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဇွန်လ ၂၉ ရက်စွဲဖြင့်သတင်းထုတ်ပြန်သည်။

ကုမ္ပဏီများကို ပြည်ပဆန် တင်ပို့မှုပမာဏ ကန့်သတ်ချက် ပယ်ဖျက်ခြင်း၊ အစိုးရကို အရန်ဆန်ပေးသွင်းရသည့် ပမာဏထက်ဝက်ခန့်လျှော့ချပေးခြင်းနှင့် ပြည်ပဆန်တင်ပို့မှု လိုင်စင်သက်တမ်းကို ၁၅ ရက် ထပ်မံတိုးပေးခြင်းတို့ဖြစ်သည်။ ပြည်ပဆန်တင်ပို့ခြင်းနှင့် နိုင်ငံတော်အရန်ဆန် ဝယ်ယူသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ အစည်းအဝေးတွင် စီးပွားကူးသန်းဝန်ကြီးဌာနက ဖြေလျှော့မှုများကို ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာတွင် COVID-19 ကပ်ရောဂါ ဖြစ်နေချိန်၌ နိုင်ငံ တကာစားနပ်ရိက္ခာ အခက်အခဲကို ဈေးကွက်လက်ဦးမှုရယူရန် ပြည်ပဆန်တင်ပို့နေသည့်ကုမ္ပဏီအချို့က ရက်ပိုင်းအတွင်း တန်ချိန်သုံးသိန်းမှ လေးသိန်းအကြား လိုင်စင်လျှောက်ထားမှုများရှိခဲ့သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသို့ ကပ်ရောဂါရောက်ရှိလာပြီး စားနပ်ရိက္ခာစိုးရိမ်မှုဖြင့် ဝယ်ယူစုဆောင်းမှုများကြောင့် ဈေးနှုန်းမတည်မငြိမ်ဖြစ်ခဲ့ရသည်။ ထိုအခြေအနေကိုထိန်းရန် စီးပွားကူးသန်းဝန်ကြီးဌာနက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းပြီး ပြည်ပဆန်တင်ပို့မှုတွင် ကုမ္ပဏီများအား လိုင်စင်ခွင့်ပြုတန်ချိန်ပမာဏကိုလျှော့ချခဲ့သည်။ "ပြည်ပဆန်တင်ပို့တဲ့လုပ်ငန်းမှာ ကုမ္ပဏီတစ်ခု၊ နှစ်ခုပဲ တန်ချိန်အများကြီးရသွားမှာကို စိုးရိမ်တဲ့အတွက် တန်ချိန်ကန့်သတ်ခဲ့တာပါ" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ပြည်ပဆန်တင်ပို့သည့် ကုမ္ပဏီများတန်ချိန် ကန့်သတ်မှုကိုပြီးခဲ့သည့်သုံးနှစ်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကို ခေတ္တလျှော့ချခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ဇူလိုင် ၁ ရက်ကစတင်ပြီး ပြည်ပဆန်တင်ပို့မှုတန်ချိန် ကန့်သတ်ခြင်းကို အစိုးရကပြန်လည်ဖြေလျှော့ပြီး လွတ်လပ်စွာခွင့်ပြုပေးမည်ဖြစ်သည်။ ကုမ္ပဏီများတင်ပို့မည့် တန်ချိန်ကန့်သတ်ချက်ဖြေလျှော့ပေးသော်လည်း လစဉ်တင်ပို့မည့် တန်ချိန်လျာထားချက်ကို ကျော်လွန်ခွင့်ပြုမည်မဟုတ်ကြောင်း ဦးရဲမင်းအောင်ကပြောသည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှင့် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုအတွက် ပြည်ပဆန်တင်ပို့ခြင်းကို ဇူလိုင်နှင့်ဩဂုတ်တွင် တန်ချိန်တစ်သိန်းခွဲစီလျာထားပြီး စက်တင်ဘာတွင် တန်ချိန်တစ်သိန်းခွင့်ပြုမည်ဖြစ်သည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် လက်ကျန်သုံးလအတွင်း ဆန်တန်ချိန်လေးသိန်း ထပ်မံတင်ပို့ရန် ခွင့်ပြုသွားမည်ဖြစ်သည်။

ယခုဘဏ္ဍာနှစ် ပြည်ပဆန်တင်ပို့မှုကို တန်ချိန်နှစ်သန်းလေးသိန်းတင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က

ခန့်မှန်းထားသည်။ ထို့အပြင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်ပဆန်တင်ပို့သည့် တန်ချိန်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို အစိုးရသို့ အရန်ဆန်ပေးသွင်းနေရခြင်းကို ဇူလိုင်လမှစတင်ပြီး ၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်သည်။ လက်ရှိအစိုးရတွင် အရန်ဆန်တန်ချိန် လေးသောင်းကျော်ကို စုဆောင်းထားနိုင်ပြီဖြစ်သည်။ ပြည်ပဆန်တင်ပို့ရန် အစိုးရမှခွင့်ပြုပေးသည့် လိုင်စင်သက်တမ်းကိုလည်း ၄၅ ရက် (တစ်လခွဲ) မှ ရက်ပေါင်း ၆၀ (နှစ်လ)အထိ တိုးမြှင့်ဖြေလျှော့ပေးလိုက်သည်။ လိုင်စင်ရရှိပြီးနောက် တင်ပို့မှုလုပ်ငန်းစဉ်များ အချိန်ယူလုပ်ကိုင်နိုင်မည့်အခွင့်အရေးဖြစ်သည်။

**Source:** https://7day.news/detail?id=190757

## ပြည်ပသို့ CMP လက်ခစားစနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများမှ တစ်နှစ်အတွင်း ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၈၅ ဘီလျံအထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာ

ပြည်ပသို့ CMP လက်ခစားစနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများမှ တစ်နှစ်အတွင်းပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၈၅ ဘီလျံအထိရှိခဲ့ပြီး ယခင်နှစ်ကထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ "စက်မှုကုန်ချောမှာ CMP အထည်ချုပ် ပို့ကုန်တင်ပို့မှုတန်ဖိုးက တိုးတက်လာတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ စတုတ္ထတစ်နှစ်တာ ကာလအတွင်းမှာ CMP ပို့ကုန်တန်ဖိုးဟာ ဒေါ်လာ ၄ ဒသမ ၈၅ ဘီလျံလောက်အထိရှိခဲ့ပါတယ်။ ဒီပမာဏဟာဆိုရင် လက်ရှိအစိုးရတက်လာတဲ့ ကာလနဲ့နှိုင်းယှဉ်ရင် ဆယ်ဆလောက် တက်လာတဲ့အနေအထားကိုတွေ့ရပါတယ်။ တကယ်လို့ COVID-19 သာမဖြစ်ခဲ့ဘူးဆိုရင် CMP ကဏ္ဍဟာဆိုရင် ဒေါ်လာ ၁၀ ဘီလျံလောက်အထိ တိုးတက်ဖို့အတွက် ရည်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ၂ ဒသမ ၅ ဘီလျံရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ကျော်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ "မေ ၂၄ ရက်အထိ အထည်ချုပ်တင်ပို့မှုကနေ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံရှိတယ်။ ယခင်နှစ်ထက် ဒေါ်လာသန်း ၁၂၀ ပိုတယ်" ဟု ဦးခင်မောင်လွင်ကပြောကြားသည်။ ထို့ကြောင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာ အောက်တိုဘာ ၁ ရက်မှ မေ ၂၄ ရက်အထိ ခုနစ်လခန့်တွင် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ပိုမိုရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့်လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ "ပုံမှန်ကလည်း CMP လုပ်ငန်းတွေက တောက်လျှောက်တိုးတက်နေတယ်။ နှစ်စဉ်နှစ်စဉ် တိုးတက်နေတဲ့အခြေအနေမှာရှိတယ်" ဟု ဦးခင်မောင်လွင်ကဆိုသည်။ အထည်ချုပ် CMP ထုတ်လုပ်မှုတန်ဖိုးသည် လေးနှစ်အတွင်း ဆယ်ဆတိုးတက်လာခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ အစိုးရသစ်စတင် တာဝန်ယူချိန်၌ အထည်ချုပ် CMP ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်အကိုင် လေးသိန်းခန့်ဖန်တီးပေးနိုင်ခဲ့သည်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း CMP ထုတ်လုပ်မှုတန်ဖိုးသည် ဆယ်ဆတိုးတက်လာပြီး ယခုအစိုးရသက်တမ်း စတုတ္ထနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်မည့် အခြေအနေများရှိကြောင်း ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမား ခြောက်သိန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၀ ဘီလျံရရှိရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**Source:** https://news-eleven.com/article/180703

## နောက်နှစ် ပြောင်းရာသီတွင် တန်ချိန်တစ်သန်းခွဲနှင့် နှစ်သန်းကြား ထိုင်းသို့တင်ပို့နိုင်ရန်ကြိုးစားမည်



နောက်နှစ် ပြောင်းရာသီတွင် ပြောင်းတန်ချိန်တစ်သန်းခွဲနှင့် နှစ်သန်းကြား ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်ကြိုးစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ ဥက္ကဋ္ဌဦးမင်းခိုင်က မြန်မာတိုင်းမ်သို့ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံမှ ပြောင်းလုပ်ငန်းရှင်များနှင့်ပြောဆိုရာတွင် ၎င်းတို့နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှု အပြင် ပြောင်းတန်ချိန် ၃ သန်းလိုအပ်လျက်ရှိကြောင်း၊ နီးစပ်သည့်အိမ်နီးချင်း အာဆီယံနိုင်ငံများမှ တင်သွင်းလိုကြောင်း စကားကမ်းလှမ်းမှုရရှိခဲ့သည်ဟုဆိုသည်။ ''ကျွန်တော်တို့နိုင်ငံ ထုတ်လုပ်မှုကိုက တန်ချိန် ၃ သန်းပဲရှိတာဖြစ်ပါတယ်။ တစ်ဝက် လောက်က ပြည်တွင်း အစာစပ်စက်ရုံတွေကဆွဲတယ်။ ကျွန်တော်တို့ ပိုထုတ်လုပ်အောင် ကြိုးစားဖို့ရှိပါတယ်။ အနည်းဆုံး ပြောင်းကို တန်ချိန်တစ်သန်းခွဲကနေ နှစ်သန်းကြား တင်ပို့ဖို့ကြိုးစားရမှာပေါ့'' ဟုပြောသည်။

ပြောင်းကုန်သွယ်မှုသည် ကိုဗစ်ကာလအတွင်းတွင် ဆက်လက်ရှိနေပြီး ထိုင်းနိုင်ငံကိုလည်း တန်ချိန်တစ်သန်း တင်ပို့ထားပြီးဖြစ်သည်ဟုဆိုသည်။ လက်ရှိအချိန်တွင် ပြည်တွင်းဝယ်လိုအားမြင့်တက်ခဲ့ပြီး ပြည်တွင်းဈေးမြင့်မားခြင်းကြောင့် ပြည်ပတင်ပို့မှုဈေးကွက်ကို မထွက်ဖြစ်ဘဲရှိနေသည်ဟုဆိုသည်။ ''ပြောင်းထုတ်လုပ်မှု တိုးတက်အောင်၊ မလိုအပ်ပဲ ပြည်ပကနေ ပြောင်းတင်သွင်းမှုမရှိအောင် ပြောင်းလုပ်ငန်းတိုးတက်ထုတ်လုပ်ဖို့ တောင်သူတွေအတွက် သွင်းအားတိုးအစီအစဉ်တွေ ဘယ်လို ဆောင်ရွက်မလဲဆိုတာ ဇွန်လနောက်ဆုံးပတ်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ အစိုးရဘက်က တတ်နိုင်သလောက်လုပ်ပေးဖို့ သဘောတူလိုက်ပါတယ်''ဟု ဦးမင်းခိုင်ကဆိုသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧရိယာ ၁ဒသမ၅ သန်းရှိပြီး ပြောင်းတင်းပေါင်း ၇၁ သန်းကျော် (မက်ထရစ်တန် ၃ဒသမ၂ သန်း) ထွက်ရှိလာခဲ့သည်။ ၁၉၉၀ပြည့်နှစ်မတိုင်မီက တရုတ်နိုင်ငံကသာဝယ်ယူသုံးစွဲသော်လည်း ယင်းကာလနောက်ပိုင်းတွင် ပြည်တွင်း အစာစပ်စက်ရုံတို့မှဝယ်ယူမှုသည် ထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းမျှဖြစ်လာခဲ့သည်။ အဓိကပြောင်းဝယ်လက်ဖြစ်ခဲ့သော တရုတ်နိုင်ငံသည် နောက်ပိုင်းတွင် ကန့်သတ်မှုများနှင့်ဝယ်ယူခြင်းမပြုလုပ်ခဲ့ချေ။ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံအချို့က ဝယ်ယူမှုရှိလာခဲ့ရာ ထိုင်းနိုင်ငံက အများဆုံးဝယ်ယူလာခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140866.html

## COVID 19 ကာလအတွင်း နိုင်ငံတော်အရန်ဆန်တန်ချိန်ငါးသောင်းဝယ်ယူမှု ၈၅ ရာခိုင်နှုန်းကျော်ပြီးစီး

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်း (မဟာအောင်မြေကျောက်ဝိုင်း)မှ အခြေခံ ကျောက်စိမ်းလုပ်သားအိမ်ထောင်စု ၁၂၀၀ ကျော်အတွက် စားသောက်ကုန်ခြောက်မျိုးထောက်ပံ့မှုကို မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ COVID 19 ကာလအတွင်း နိုင်ငံတော်အရန်ဆန် တန်ချိန်ငါးသောင်းဝယ်ယူမှု ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ "အခုဆိုရင်အရန်ဆန်ဝယ်ယူမှုက တန်ချိန် ၄၃၀၀၀ ကျော်ဝယ်ပြီးပါပြီ။ ရန်ကုန်မှာက တန်ချိန် ၄၀၀၀၀ ကျော်ဝယ်ပြီးသွားပြီ။ မန္တလေးမှာ တန်ချိန် ၃၀၀၀ ကျော်နဲ့ နေပြည်တော်မှာ ၁၀၀၀ ၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ၈၅ ရာခိုင်နှုန်းကျော်ဝယ်ပြီးနေပါပြီ'' ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က မြန်မာတိုင်းမ်သို့ပြောသည်။

နိုင်ငံတော်၏အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က ဧပြီလ ၃၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ဇွန်လ ၁၂ ရက်နေ့ အထိ သိုလှောင်ရုံ ၉ ခုတွင် တန်ချိန် ၄၀၀၀၀ ကျော်ကို ပြည်ပတင်ပို့မည့် ကုမ္ပဏီ ၁၂၃ ခုထံမှ ဝယ်ယူထားပြီးဖြစ်သည်။ ထို့ပြင် ဆန်ကုမ္ပဏီများ နိုင်ငံခြားသို့ဆန်တင်ပို့မှု ပိုမိုမြန်ဆန်စေရန် နိုင်ငံတော်အရန်ဆန်ကောက်ခံမှု လုပ်ထုံးလုပ်နည်းများကို ဇွန်လ ၁ ရက်နေ့မှစတင်ကာ ဖြေလျှော့ပေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ စားသုံးသူရေးရာဦးစီး ဌာနမှသိရသည်။ "တန်ချိန် ၅၀၀၀၀ မှာ ၄၄၀၀၀ ကျော်ဝယ်ပြီးသွားပြီဆို ကျန်တာကိုဆက်ဝယ်ယူနေတယ်။ ဝယ်ယူမှုကတော့ ပုံမှန်မရှိဘူး။ခန့်မှန်းအားဖြင့်တော့ နောက်တစ်လလောက်အထိမှန်းထားပါတယ်''ဟု ဦးရဲထွဋ်နိုင်ကပြောသည်။

COVID 19 ရောဂါကြုံတွေ့နေရချိန်တွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော်အရန်ဆန်နှင့်ဆီကို ကျပ် ၃၈ ဘီလျံဖိုး ဝယ်ယူသိုလှောင်နေခြင်းဖြစ်ပြီး ဆန်လုပ်ငန်းရှင်များ ပို့ကုန်လိုင်စင်လျှောက်ထားချိန်၌ စုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းအား ရောင်းချစေသောနည်းလမ်းဖြင့်ဝယ်ယူခြင်းဖြစ်သည်။ ပင်လယ်ရေကြောင်းမှ တင်ပို့သူများမှာ ရန်ကုန်မြို့၌လည်းကောင်း၊ နယ်စပ်ထွက်ပေါက်များမှတင်ပို့သူများမှာ မန္တလေးမြို့၌လည်းကောင်း အစိုးရထံဆန်ပေးသွင်းရသည်။ အဆိုပါဆန်တန်ချိန် ၅၀,၀၀၀ (ညွှန့်မထဆန်၂၅ မှတ်) ကို ဧပြီ ၂၇ ရက်မှ စတင်ဝယ်ယူနေပြီး လိုအပ်သည့်ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှထုတ်ယူသုံးစွဲခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140870.html

## ရန်ကုန်လိုင်စင်ရရန် စလစ်ဝယ်ရ၍ ယာဉ်အိုယာဉ်ဟောင်း အပ်ကားစလစ်ဈေး ပြန်မကျသေး



ရန်ကုန်လိုင်စင်ရရှိရန် စလစ်ဝယ်ယူနေရ၍ ယာဉ်အိုယာဉ်ဟောင်း အပ်ကားစလစ်ဈေး ၁၀၉ သိန်းအထိ အရောင်းအဝယ်ဖြစ်နေရာ ဈေးနှုန်းကျဆင်းခြင်းမရှိသေးကြောင်း ယာဉ်အိုယာဉ်ဟောင်းအပ်ကား အရောင်းအဝယ်ပြုလုပ်နေသူများထံမှ ယနေ့ ဇူလိုင် ၁ ရက်တွင်သိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကြောင့် ရန်ကုန်လိုင်စင်ပိတ်ထားသည်မှာ ၃ နှစ်ကျော် ကာလနီးပါးအထိ ကြာမြင့်နေပြီဖြစ်သည်။

ကားအရောင်းပြခန်းများတွင် ရောင်းချနေသည့် ပြည်ပနိုင်ငံမှတင်သွင်းကားများ၊ ပြည်ပနိုင်ငံအသီးသီးမှ CBU စနစ်ဖြင့် တင်သွင်းလာသည့်ကားများမှာ ရန်ကုန်လိုင်စင်ရယူလိုပါက ယာဉ်အိုယာဉ်ဟောင်းစလစ်ဝယ်ယူအသုံးပြုနေရ၍ သက်တမ်း နှစ်နှစ်ဆယ်အပ်ကားစလစ်ဈေး ကျပ် ၁၀၉ သိန်းမှ ကျပ် ၁၁၀ သိန်းအထိ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ "အခုကက ရန်ကုန်လိုင်စင်မရဘူးလေ။ ရန်ကုန်လိုင်စင်လိုချင်တဲ့ကားကတော့ စလစ်ကပ်ရတာပဲလေ။ ပြည်ပကတင်သွင်းလာတဲ့ Brand New ကားတွေကော အခုနောက်ပိုင်းတင်သွင်းလာတဲ့ ဥရောပကားတွေကော ရန်ကုန်လိုင်စင်လိုချင်ရင် စလစ်ကပ်ရတာပေါ့။ ဒါကြောင့် စလစ်ဈေးကမကျဘဲ သိန်း ၁၀၀ အပေါ်မှာပဲရှိတာ။ မူဝါဒအပြောင်းအလဲပေါ်မူတည်ပြီး ကားဟောင်းအပ် ကားစလစ်ဈေးက အပြောင်းအလဲဖြစ်နေတာပေါ့။ နှစ်နှစ်ဆယ် လူစီးစလစ်ကြီးတွေ ဖောက်စွပ်စလစ်ကော YBS အပ်ကား စလစ်တွေပါထွက်နေပေမယ့် စလစ်အပ်မယ့်ကားက အရမ်းများတော့ ဈေးကသိပ်မကျတာပါ"ဟု ယာဉ်အိုယာဉ်ဟောင်း အပ်ကားများ အရောင်းအဝယ်ပြုလုပ်နေသူ ဦးစိန်မြင့်က ဇူလိုင် ၁ ရက်တွင် မြန်မာတိုင်းမ်သို့ ပြောကြားခဲ့သည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစီမံချက်အရ သက်တမ်းနှစ်နှစ်ဆယ်ပြည့်မီသည့် ၂၀၀၀ မိုဒယ်ကားများကို ယာဉ်ပိုင်ရှင်ဆန္ဒအရ ကားဟောင်းတစ်စီးအပ်နှံပါက ကားသစ်တစ်စီးတင်သွင်းရန် ရန်ကုန်လိုင်စင်ခွင့်ပြုပေးနေသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၁၉၉၅ မိုဒယ်အောက် YBS ခရီးသည်တင်ယာဉ်များ၊သံရည်ကြို အပ်နှံလျှင် အထူးစီမံချက်ဖြင့် လူစီးစလစ်ခွင့်ပြုပေးလျက်ရှိရာ ယာဉ်အစိတ်အပိုင်းများ မမှန်မကန်ဖောက်စွပ်ကားများ သံရည်ကြိုအပ်နှံပါကလည်း အပ်ကား နှစ်နှစ်ဆယ်စလစ်များ ခွင့်ပြုပေးထားသည်။

ကားအရောင်းအဝယ်ဈေးကွက်တွင် ယာဉ်အိုယာဉ်ဟောင်းအပ်ကားစလစ်ဈေးများမှာ ယာဉ်အိုယာဉ်ဟောင်း နှစ်၂၀ အပ်ကား ရန်ကုန်လိုင်စင်ဖြစ်ပါက ကျပ် ၁၀၉ သိန်း၊ ယာဉ်အိုယာဉ်ဟောင်းနှစ်၂၀အပ်ကား နယ်လိုင်စင်ဖြစ်ပါက ကျပ် ၇၅ သိန်း၊ ယာဉ်အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသည့် ဖြတ်ဆက်၊ အလုံးချိန်းဖောက်စွပ်အပ်ကားစလစ်ဈေးမှာ ရန်ကုန်လိုင်စင်ဖြစ်ပါက ကျပ် ၁၀၆ သိန်း၊ YBS ဘတ်စကား အပ်နှံသည့် လူစီးစလစ်ဈေး ကျပ် ၁၀၇ သိန်းအထိ အသီးသီးဈေးနှုန်းများရှိနေသည်။

**Source:** https://myanmar.mmtimes.com/news/140875.html

## ဘဏ်တိုးနှုန်းကျဆင်းမှုနှင့် တရုတ်ငွေဈေးမာမှုကြောင့် မန္တလေးအိမ်ခြံမြေ အရောင်းအဝယ်ပြန်ဖြစ်



ကိုဗစ်ကာလတွင် စီးပွားရေးလုပ်ငန်းများလည်ပတ်မှု ကျဆင်းနှေးကွေးသော်လည်း ဘဏ်တိုးနှုန်းကျဆင်းမှုနှင့် တရုတ်ငွေဈေးမာမှုကြောင့် မန္တလေး အိမ်ခြံမြေဈေးကွက်၌ ကျပ်သိန်းထောင်ဂဏန်းတန်ဖိုးရှိ အိမ်ခြံမြေများ အများဆုံးအရောင်းအဝယ် ပြန်ဖြစ်လာကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) ဥက္ကဋ္ဌ ဦးတင်မောင်ကပြောသည်။

ယခုကာလသည် အရောင်းအဝယ်ရှားပါးရမည့်ကာလဖြစ်သော်လည်း ပြန်လည်ဖြစ်ထွန်းနေကြောင်း၊ ဈေးနှုန်းအမြင့်ပိုင်းများ အရောင်းအဝယ်နည်းပါးသော်လည်း ကျပ်သိန်း ၁,၀၀၀ မှ ကျပ်သိန်း ၃,၀၀၀ တန်ဖိုးရှိ အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းကပြောသည်။ "မြေအရောင်းအဝယ်ဟာ ပြည်တွင်းဈေးကွက်ဆို အရောင်းအဝယ်က အင်မတန်ပါးရှားသွားရမှာပါ။ ဒါပေမယ့် ပြည်တွင်းမှာ စီးပွားရေးနှေးကွေးသွားပေမယ့် အိမ်ခြံမြေအရောင်းအဝယ်က ပြန်ဖြစ်နေပါတယ်။ တစ်အချက်က ပြည်တွင်းက ဝယ်တဲ့အနေအထားက ဘဏ်တိုးနှုန်းကျဆင်းခြင်းပါ။ ဘဏ်တိုးနှုန်းကျတဲ့အတွက် ဘဏ်အတိုးထားမယ့်အစား မြေဝယ်တာကမှ အကျိုးရှိဦးမယ်ဆိုပြီး မြေအရောင်းအဝယ်အတော်များများ၊ အကြီးကြီးတွေမဟုတ်ဘဲ ကျပ်သိန်း ၁,၀၀၀ ကနေ ကျပ်သိန်း ၃,၀၀၀ အထိ အတော်များများဖြစ်တယ်။ ဒါက ကိုဗစ်မှာစီးပွားရေးကြောင့် မဖြစ်နိုင်ဘူးလို့ထင်ထားတဲ့ အိမ်ခြံမြေအရောင်းအဝယ်ကဖြစ်လာတာ။ အဓိကတော့ ဘဏ်တိုးနှုန်း ကျဆင်းခြင်းပဲ"ဟု ဦးတင်မောင်ကပြောသည်။

ထို့ပြင် ပြည်တွင်းတွင် ဒေါ်လာငွေလဲလှယ်နှုန်းကျဆင်းပြီး တရုတ်ငွေဈေးမကျခြင်းကြောင့် အိမ်ခြံမြေဈေးကွက်၌ ဝင်ရောက်ဝယ်ယူခြင်းများ ရှိလာသည်ဟု ယူဆနိုင်ဖွယ်ရှိကြောင်းပြောသည်။ "ကိုဗစ်ရောဂါကြောင့် တရုတ်ပြည်ရဲ့ စီးပွားရေး လုပ်ဆောင်မှုက ဘောင်ကျဉ်းလာပါတယ်။ ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံ တရုတ်နဲ့အမေရိကန်က စီးပွားရေးစစ်ဖြစ်နေချိန်မှာ ကိုဗစ် ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် စီးပွားရေးဆက်ဆံမှုက ပိုပြဿနာဖြစ်လာတော့ အခုဒေါ်လာဈေးကျလာတယ်။ ဒေါ်လာဈေးကျတာကို ယွမ်ဈေးကတက်ပါတယ်။ တရုတ်ငွေဈေးတက်နေတယ်ဆိုရင် ပြည်တွင်းကနေ ပြည်ပကိုပို့မယ့် တရုတ်လုပ်ငန်းရှင်တွေက မကိုက်တော့ဘူး။ မြန်မာငွေကြေးနဲ့ တရုတ်ငွေကြေးလဲရင် တရုတ်ငွေကြေးက အမြဲအပေါ်ကပဲ နေနေတယ်။ တရုတ်နိုင်ငံ စီးပွားရေးကျတယ်ဆိုတာက နဂိုက တအားကောင်းနေတာကနေ နည်းနည်းမကောင်းတာပဲရှိတယ်။ ကိုယ့်နိုင်ငံက စီးပွားရေးမကောင်းတော့ (ပြည်တွင်း) အိမ်ခြံမြေဈေးကွက်ထဲမှာ တရုတ်ပြည်က လုပ်ငန်းရှင်တွေကဝင်လာပါတယ်လို့ ယူဆလို့ရတဲ့ အနေအထားတစ်ခုကို ရောက်နေတယ်"ဟု ဦးတင်မောင်ကပြောသည်။ အစိုးရကနိုင်ငံခြားသားကို မြေဝယ်ယူပိုင်ဆိုင်ခွင့် ပြုမထားသော်လည်း ပြည်တွင်းတွင် အိမ်ခြံမြေအကျိုးဆောင်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်းမရှိသေးသည့်အတွက် နိုင်ငံခြားသားအိမ်ခြံမြေအကျိုးဆောင်များကို ထိန်းချုပ်ကန့်သတ်ထားနိုင်ခြင်းမရှိသေးသကဲ့သို့ ပြည်တွင်း၌နေထိုင်နေသူမျိုးဆက်များကို အခြေခံ၍ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်သောအခြေအနေရှိကြောင်းပြောသည်။

မန္တလေးအိမ်ခြံမြေဈေးကွက် လက်ရှိအနေအထားသည် အရောင်းအဝယ်လည်ပတ်မှု ရပ်တန့်သွားခြင်းမရှိဘဲ ကျပ်သိန်း ၁,၀၀၀ ဝန်းကျင်ဈေးနှုန်းများမှာ အရောင်းအဝယ်ကြိမ်နှုန်းအများဆုံးဖြစ်နေကြောင်း၊ ကိုဗစ်ကြောင့် အိမ်မြေဈေးနှုန်းများ ကျဆင်းနေသည်ဟု ထင်မြင်ယူဆပြီး တစ်ဖက်တွင် မဝယ်ယူသူများရှိနိုင်သော်လည်း အခြားတစ်ဖက်တွင် ဝယ်ယူနေကြသူများ ရှိကြောင်း မန္တလေးမြို့ရှိ ဖိုးလမင်းအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝဏ္ဏစိုးက ပြောကြားထားသည်။

**Source:** https://myanmar.mmtimes.com/news/140865.html

## ကမ္ဘာလုံးဆိုင်ရာစီးပွားရေးထိုးကျနေစဉ် ဗီယက်နမ်၏စီးပွားရေး မမျှော်လင့်ဘဲတိုးတက်ခဲ့



ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျဘက်သို့ရောက်ရှိနေစဉ် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ဒုတိယ သုံးလပတ်တွင် မမျှော်လင့်ဘဲတိုးတက်ခဲ့သော်လည်း ယင်းသည် ဆယ်စုနှစ်သုံးခုနီးပါးအတွင်း တိုးတက်မှုအနှေးကွေးဆုံးအဖြစ် ရှိနေ သေးသည်။ ဧပြီမှဇွန်ကာလအတွင်း ဂျီဒီပီသည် ပြီးခဲ့သည့်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၀.၃၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ဟနွိုင်းရှိ အထွေထွေစာရင်းအင်းရုံးက ဇွန် ၂၉ ရက်တွင် ထုတ်ပြန် ခဲ့သည်။ သို့သော် ယင်းတိုးတက်မှုသည် ၁၉၉၁ ခုနှစ်တွင် ဗီယက်နမ်၌ ဂျီဒီပီကိန်းဂဏန်းများ စတင်ထုတ်ပြန်ခဲ့ပြီး နောက်ပိုင်းတွင် ဂျီဒီပီ တိုးတက်မှု အနိမ့်ဆုံးဖြစ်ကြောင်း အထွေထွေ စာရင်းအင်းရုံး၊ ဂျီဒီပီဌာန၏ အကြီးအကဲ Duong Manh Hung က ပြောကြားခဲ့ကြောင်း ပြည်တွင်းမီဒီယာက ကိုးကားဖော်ပြခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကိုထိန်းချုပ်သည့် နယ်စပ်ပိတ်ပင်မှုကန့်သတ်ချက်များကြောင့် ဗီယက်နမ်၏ပို့ကုန်များအပေါ် ဆိုးရွားမှု ဖြစ်စေပြီး တစ်နှစ်ထက်တစ်နှစ်ကျဆင်းခဲ့ပြီး ကိုးရာခိုင်နှုန်းအထိရှိခဲ့သည်။ ယခုနှစ် ပထမသုံးလပတ်တွင် ၈.၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏စီးပွားရေးသည် ပို့ကုန်များအပေါ် အကြီးအကျယ်မှီခိုအားထားနေရပြီး အထူးသဖြင့် ပြီးခဲ့သည့် နှစ်နှစ် တွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးတင်းမာမှု၏ သက်ရောက်မှုများကို ခံစားခဲ့ရသည်။ နှစ်နိုင်ငံစလုံးက ဒေါ်လာဘီလျံနှင့်ချီသည့် ကုန်ပစ္စည်းများအပေါ် အပြန်အလှန်စည်းကြပ်အခွန်များချမှတ်ခဲ့မှုကြောင့် တရုတ်အခြေစိုက် စီးပွားရေးလုပ်ငန်းများကို ပိုမိုစိတ်ချရပြီး ဈေးချိုသောကုန်ထုတ်လုပ်မှု ဗဟိုချက်ဗီယက်နမ်သို့ပြောင်းရွှေ့ရန် စေ့ဆော်ပေး ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကို ဗီယက်နမ်က ထိခိုက်မှုအနည်းငယ်ဖြင့် ကျော်လွှားနိုင်ခဲ့ပြီးနောက် စီးပွားရေးကို ယခင်အခြေအနေ အတိုင်း ပြန်လည်စတင်ရန် ရည်ရွယ်ထားသည်။

အရှေ့တောင်အာရှနိုင်ငံ ဗီယက်နမ်သည် ၂၀၂၀ ပြည့်နှစ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်း ၂.၇ ရာခိုင်နှုန်းဖြင့် အာရှတွင် ဦးဆောင်နိုင်ခြေရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဧပြီတွင် ခန့်မှန်းခဲ့သည်။ ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Xuan Pluc က ၎င်း၏ အစိုးရအဖွဲ့သည် စီးပွားရေး တိုးတက်မှုနှုန်းကို ငါးရာခိုင်နှုန်း အထက်တွင် ထိန်းထားရန် ကြိုးစားမည်ဟု ပြောကြားခဲ့သည်။ "ကပ်ရောဂါအခြေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ supply chain ပျက်ပြားမှုဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့သတ်မှတ်ချက်တွေကိုရောက်ဖို့ အနည်းငယ်ခက်ခဲမှုတွေနဲ့ မဖြစ်လာနိုင်တာတွေတောင်ရှိနိုင်တယ်" ဟု Duong Manh Hung က ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကိုထိန်းချုပ်ရန် တင်းကျပ်သည့်ရောဂါခြေချုပ် မူဝါဒများချမှတ်ခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅၅ ဦးသာရှိပြီး သေဆုံးသူမရှိသည့်နိုင်ငံဖြစ်သည်။

**Source:** https://news-eleven.com/article/180723

## ရန်ကုန်နှင့်မန္တလေးရှိ ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်းများဖြင့် ကုန်စည်ဖြန့်ဖြူးရေးကဏ္ဍပိုမိုမြင့်တင်နိုင်မည်




ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် Ever Flow River (EFR) အများပိုင်ကုမ္ပဏီ၏ ရန်ကုန်နှင့်မန္တလေးရှိ ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်း များသည် နိုင်ငံ၏ကုန်စည်ဖြန့်ဖြူးရေးကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဟု ရန်ကုန်စတော့အိတ်ချိန်းမှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင်ဖော်ပြထား သည်။

ရန်ကုန်စတော့အိတ်ချိန်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် စတော့ ဈေးကွက်ဆိုင်ရာ လေ့လာသုံးသပ်ချက် အစီရင်ခံစာများကို ထုတ်ဝေလေ့ ရှိပြီး ယခုအခါတွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် Ever Flow River

(EFR) အများပိုင်ကုမ္ပဏီ၏ စွမ်းဆောင်ရည်များနှင့် ပတ်သက်၍ လေ့လာသုံးသပ်သော အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကုန်စည်ဖြန့်ဖြူးရေးစနစ်သည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နောက်ကျနေကြောင်း၊ Ever Flow River (EFR) အများပိုင်ကုမ္ပဏီ၏ အကောင်အထည်ဖော်နေသော ရန်ကုန်နှင့်မန္တလေးရှိ ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်းများသည် နိုင်ငံ၏ကုန်စည်ဖြန့်ဖြူးရေးစနစ်ကို ပိုမိုမြင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာက သုံးသပ်ထားသည်။ "ကုမ္ပဏီရဲ့အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းတွေက မန္တလေးမှာတစ်ခု၊ ရန်ကုန်မှာတစ်ခုရှိပါတယ်။ နောက်ပိုင်းမှာလည်း ဗျူဟာအရ နိုင်ငံရဲ့အရေးကြီးတဲ့နေရာတွေမှာ ဆောင်ရွက်သွားပါမယ်။ ဒီစီမံကိန်းတွေရဲ့ အဓိကရည်ရွယ်ချက်က ရန်ကုန်၊ မန္တလေးနဲ့ နယ်စပ်တွေကိုချိတ်ဆက်ပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးမှာ ကုန်ကျစရိတ်တွေနဲ့အချိန်တွေကို သက်သာသွားစေမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြောင့် ကုန်သည်တွေအနေနဲ့နိုင်ငံတကာနဲ့ယှဉ်ပြီး ကုန်သွယ်မှုလုပ်ရာမှာ ယှဉ်ပြိုင်နိုင်စွမ်းတွေ မြင့်တက်လာမှာဖြစ်ပါတယ်" ဟု Ever Flow River (EFR) အများပိုင်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးအောင်မင်းဟန်က ပြောသည်။

ကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်းတစ်ခုကို တည်ဆောက်နေပြီး မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်တွင် ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်းတစ်ခု တည်ဆောက်နေသည်။ Ever Flow River (EFR) ကို ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/140841.html

## နှစ်နိုင်ငံကုန်စည်ကူးသန်းနိုင်ရေး ထိုင်းနယ်စပ်ဂိတ် ၈ ခုကို ထိုင်းဘက်ခြမ်းမှပြန်ဖွင့်

ထိုင်း – မြန်မာနှစ်နိုင်ငံ ကုန်စည်ပို့ဆောင်နိုင်ရေးအတွက် နှစ်နိုင်ငံနယ်စပ် ခရိုင် ၈ ခုရှိ နယ်စပ်ဂိတ်များကို ထိုင်းဘက်ခြမ်းမှ ယနေ့ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်ပေးလိုက်ကြောင်း မြဝတီမြို့ အမှတ် ၂ လွှတ်တော်ကိုယ်စားလှယ် ဦး သန့်ဇင်အောင်က ပြောသည်။ အဆိုပါ နယ်စပ်ဂိတ်များကို ထိုင်းနိုင်ငံဘက်ခြမ်းမှသာ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ တရားဝင်နယ်စပ်ဂိတ်များဖြစ်သည့် ချစ်ကြည်ရေးတံတား အမှတ် ၁ နှင့် တံတားအမှတ် ၂ အနက် တစ်ခုသာ ဖွင့်လှစ်ပေးထားကြောင်း ၎င်းက ဆိုသည်။ "ကုန်စည်စီးဆင်းမှုအတွက် ထိုင်းဘက်က ဖွင့်ပေးလိုက်တာပါ။ သယ်ဆောင်လာတဲ့ ကုန်စည်တွေက ကျွန်တော်တို့ဘက်က ချစ်ကြည်ရေးတံတားအမှတ် ၂ က ဖြတ်ရမှာပေါ့ ။ ကျွန်တော်တို့ကတော့ ကိုဗစ်ရောဂါ ထိန်းချုပ်ချင်တဲ့အတွက် တံတားအမှတ် ၁ က မဖွင့်ပေးသေးပါဘူး" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံဘက်ခြမ်းမှ ဖွင့်လှစ်ထားသည့် ချစ်ကြည်ရေးတံတားအမှတ် ၂ မှ နှစ်နိုင်ငံ ကုန်စည်ပို့ဆောင်ရေးသာမက ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်မိနေသူများ၊ အလုပ်များပိတ်သိမ်းသဖြင့် နေရပ်ပြန်လာသူများကိုလည်း ကျန်းမာရေးစစ်ဆေးပြီး ဖြတ်သန်းခွင့်ပေးထားသည်။ ထိုင်းနိုင်ငံအနေဖြင့် ကုန်စည်စီးဆင်းမှုအတွက်သာ ခရိုင် ၈ ခုရှိ နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး MOU နှင့် သာမန်ပတ်စပို့စ်ကိုင်ဆောင်သူအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဝင်ခွင့်မပြုသေးပေ။ " ကျွန်တော်တို့ဆီမှာလဲ ပြန်သွားချင်တဲ့ အလုပ်သမားတွေက မေးနေကြတယ်။ နယ်စပ်ဂိတ်တွေဖွင့်ပြီလား ဆိုပြီးတော့။ဂိတ်တွေဖွင့်တယ်ဆိုပြီး ထိုင်းကိုပြန်သွားဖို့လာတဲ့ လူတွေလည်းရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီက ဂိတ်က အမှတ် ၂ ပဲ ဖွင့်ပေးပါတယ်။ဒါကလည်း ကုန်စည်ကူးဖို့အတွက်ပဲ လူကူးဖို့မဟုတ်ဘူး။ ထိုင်းဘက်ခြမ်းကလည်း အလုပ်သမားတွေကို ပြန်ဝင်ခွင့်မပေးသေးဘူး။"ဟု မြဝတီမြို့ဒေသခံတစ်ဦးကပြောသည်။

အစိုးရအဖွဲ့ဝင်ထံမှ ဝင်ခွင့်ပြုချက်ရရှိထားသည့် နိုင်ငံခြားသား၊ထိုင်းနိုင်ငံသားနှင့်တရားဝင်လက်ထပ်ထားသူနှင့် မိဘ၊ ထိုင်းနိုင်ငံတွင် အစိုးရခွင့်ပြုချက်ပေးထားသည့် နေရာထိုင်းခင်းအတည်တကျရှိသူ၊ ထိုင်းနိုင်ငံသားမဟုတ်သည့် အရေးပေါ် လုပ်ငန်းဆောင်ရွက်ရန်လုပ်ငန်းတင်ပြနိုင်သူနှင့် ခွင့်ပြုချက်ရရှိထားသူ၊ နှစ်နိုင်ငံလိုအပ်သည့် ကုန်စည်သယ်ယူပို့ဆောင်သူ၊ တာဝန်အရ ယာဉ်မောင်းပေးသူ၊ ပညာသင်ကြားရန် ဝင်ရောက်လာသူ၊ ဆေးလာကုသူ (ကိုဗစ်-၁၉ မဟုတ်သည့်ရောဂါ)၊ သံတမန်များ၊ ကောင်စစ်ဝန်များ၊ နှစ်နိုင်ငံအစိုးရနိုင်ငံတကာအဖွဲ့အစည်းနှင့်အစိုးရကိုယ်စားလှယ်၊ နှစ်နိုင်ငံသဘောတူ အထူးကိစ္စအရ ပြည်ဝင်ခွင့်ရရှိသားသည့်နိုင်ငံခြားသားတို့ကို စတင်ဝင်ရောက်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/140874.html

## ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် အိန္ဒိယအစိုးရက ဒေါ်လာသန်း ၁၂၀ ကျော် ထပ်မံရင်းနှီးမြှုပ်နှံ

မြန်မာနိုင်ငံ၏ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ဒေါ်လာသန်း ၁၂၀ ကျော် ထပ်မံရင်းနှီးမြှုပ်နှံရန် အိန္ဒိယအစိုးရက အတည်ပြုခဲ့ကြောင်း ဇွန်လ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ ထိုရင်းနှီးမြှုပ်နှံမှုကို ONGC Videsh Ltd (OVL)ကုမ္ပဏီက တစ်ဆင့်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းဖွံ့ဖြိုးရန် အိန္ဒိယဝန်ကြီးချုပ်က ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

OVL ကုမ္ပဏီသည် အိန္ဒိယကုမ္ပဏီ ONGC ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင် ငံတွင်လည်း ၂၀၁၉ မတ်လ ၃၁ ရက်အထိ ဒေါ်လာသန်း ၇၂၀ ကျော်ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်ဟုဆိုသည်။ ၎င်းရင်းနှီးမြှုပ်နှံထားသည့် ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းတွင် ၂၀၁၄-၁၅ ကစတင်ပြီး အမြတ်အစွန်းရရှိထားခြင်းကြောင့် ယခုလိုထပ်မံရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ အိန္ဒိယအစိုးရပိုင် Oil and Natural Gas Corporation (ONGC)သည် မြန်မာနိုင်ငံ ရွှေသ ဘာဝဓာတ်ငွေ့ စီမံကိန်းတွင် တောင်ကိုရီးယား၊ မြန်မာနှင့်အ တူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ Posco Daewoo ကုမ္ပဏီသည် အဆိုပါလုပ်ကွက်ကို ရှယ် ယာ ၅၁ ရာခိုင်နှုန်းဖြင့် ဦးဆောင်ရင်းနှီးမြှုပ်နှံထားသည်။

အိန္ဒိယအစိုးရပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (ONGC)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ Gail(India)ကုမ္ပဏီနှင့် ကိုရီးယားဂတ်စ်ကော်ပိုရေးရှင်းတို့ကလည်း ယင်းစီမံကိန်း၌အချိုးကျပါဝင်သည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းချနေသည့် A-1 ကမ်းလွန်လုပ်ကွက်တွင် ရွှေနှင့်ရွှေဖြူလုပ်ကွက်များရှိသည်။ ရွှေနှင့်မြ သဘာဝ ဓာတ်ငွေ့တူးဖော်ရေးတွင်းမှ ၂၀၁၃ တွင် သဘာဝဓာတ်ငွေ့ စတင်ထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ ရောင်းချခဲ့သည်။ ထိုလုပ်ကွက်များတွင် ဒေါ်လာသန်း ၅၀၀ ခန့် ထပ်မံရင်းနှီးမြှုပ်နှံပြီး သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများလုပ်ကိုင်မည်ဟု ကိုရီးယား Posco Daewoo ကုမ္ပဏီက ၂၀၁၈ တွင် ကြေညာထားသည်။

**Source:** https://7day.news/detail?id=190756

## STOCK EXCHANGE (1.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 1,295 | 13,598,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 2,092 | 7,962,400 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 20 | 164,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 22,000 | 4,222 | 96,681,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2 | 5,700 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 75 | 202,500 | 19,977,223 | 53,939 |

## Market summary

As of 1st Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.39 | +1.30 | +0.29% | 447.09 | 457.50 | 446.25 | 7,706 | 118,613,600 | 6 | 667,191 |

### Index chart




## Market Overview

As of 1:00 pm, 1st Jul. 2020

| MYANPIX | 448.39 ▲ 1.30 |
|---|---|
| Total Volume (shares) | 7,706 |
| Total Value (MMK) | 119 mil |
| Listed Company | 6 |
| Market Cap. (MMK) | 667,191 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |